


သတင်းထုတ်ပြန်ကြေငြာချက်

# အကြမ်းဖက်မှုကို ရင်ဆိုင်ရချိန်တွင် တရားမျှတမှု ငြင်းပယ်ခံရခြင်း

**ရှမ်းပြည်နယ်အတွင်း လိင်နှင့် ဂျဲန်ဒါ အခြေပြု အကြမ်းဖက်မှုများ ကျယ်ပြန့်စွာ ဖြစ်ပွားနေမှုနှင့် တာဝန်ယူမှု၊ တာဝန်ခံမှုဆိုင်ရာ အားနည်းချက်များကို ဖော်ထုတ်ထားသော စွမ်း ၏ အစီရင်ခံစာသစ်**

Shan Women's Action Network

၂၀၂၆ ခုနှစ် ဇူလိုင်လ ၃၀ ရက်နေ့




ရှမ်းအမျိုးသမီးရေးရာ ဆက်သွယ်လှုပ်ရှားဆောင်ရွက်ရေးအသင်း (စွမ်း) သည် ယနေ့တွင် "Justice Denied in the Face of Violence: Sexual and Gender-Based Violence and Access to Justice" (အကြမ်းဖက်မှုကို ရင်ဆိုင်ရချိန်တွင် တရားမျှတမှု ငြင်းပယ်ခံရခြင်း - လိင်နှင့် ဂျဲန်ဒါ အခြေပြု အကြမ်းဖက်မှုနှင့် တရားမျှတမှုရရှိခွင့်) ဟူသော အစီရင်ခံစာသစ်တစ်စောင်ကို ထုတ်ပြန်လိုက်ပါသည်။ ဤအစီရင်ခံစာတွင် မြန်မာနိုင်ငံ၊ ရှမ်းပြည်နယ်၌ ဖြစ်ပွားနေသော စိုးရိမ်ဖွယ်ရာ လိင်နှင့် ဂျဲန်ဒါ အခြေပြု အကြမ်းဖက်မှု (SGBV) ပုံစံများနှင့် ထိုအကြမ်းဖက်မှုဒဏ်မှ ရှင်သန်လွတ်မြောက်လာသူများကို ကာကွယ်ပေးရာတွင် တရားရေးစနစ်များ၏ ဆက်လက် ပျက်ကွက်နေမှုများကို မှတ်တမ်းတင် ဖော်ပြထားပါသည်။ လက်နက်ကိုင်ပဋိပက္ခနှင့် နေရပ်စွန့်ခွာထွက်ပြေးရမှုတို့သည် အားနည်းချက်ရှိပြီးသားဖြစ်နေသော တရားရေးစနစ်များကို ပိုမိုအားနည်းသွားစေသည့်အပြင်၊ အမျိုးသမီးများအား အကြမ်းဖက်ခံရနိုင်ခြေ ပိုမိုမြင့်မားလာစေပုံကိုလည်း အဆိုပါအစီရင်ခံစာက ဖော်ပြထားပါသည်။

**အဓိကတွေ့ရှိချက်များတွင် အောက်ပါတို့ ပါဝင်သည်** -

- စွမ်း မှ အချက်အလက်ကောက်ယူသူများက ရှမ်းပြည်နယ်တစ်ဝန်းတွင် **လိင်နှင့် ဂျဲန်ဒါ အခြေပြု အကြမ်းဖက်မှု** (SGBV) **ဖြစ်စဉ် ပေါင်း ၁၇၂ ခု** ကို မှတ်တမ်းတင်ထားရှိခဲ့သည်။

- **အိမ်တွင်းနှင့် ရင်းနှီးသောလက်တွဲဖော်အကြား ဖြစ်ပွားသည့် အကြမ်းဖက်မှုဖြစ်စဉ် ၈၉ ခု** (၅၁.၇%) ရှိခဲ့ပြီး၊ ယင်းတို့အနက် အများစုမှာ ခင်ပွန်း သို့မဟုတ် ချစ်သူရည်းစားများက ကျူးလွန်ခဲ့ခြင်းဖြစ်ကာ မူးယစ်ဆေးဝါးသုံးစွဲမှုပြဿနာများက အခြေအနေကို ပိုမိုဆိုးရွားစေခဲ့သည်။

- **မုဒိမ်းကျင့်မှုနှင့် မုဒိမ်းကျင့်ရန် ကြိုးပမ်းမှုဖြစ်စဉ် ၇၀ ရှိခဲ့ရာ၊** ယင်းတွင် အသက် ၁၈ နှစ်အောက် ကလေးငယ် ၃၀ ပါဝင်ပြီး အသက်အငယ်ဆုံး ရှင်သန်လွတ်မြောက်လာသူမှာ သုံးနှစ်အရွယ်သာ ရှိသေးသည်။

- **ကျူးလွန်သူများ၏ ၁၅% မှာ မြန်မာစစ်တပ်နှင့် တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေး အဖွဲ့အစည်းများ** (EROs) အပါအဝင် လက်နက်ကိုင်အဖွဲ့အစည်းများမှ စစ်သားများ ဖြစ်ကြသည်။

- **ထိခိုက်လွယ်သူများအပေါ် ကျူးလွန်မှုများနှင့် အသက်ဆုံးရှုံးမှုများမှာလည်း စိုးရိမ်ဖွယ်ဖြစ်ပြီး** - ရှင်သန်လွတ်မြောက်လာသူ အနည်းဆုံး ၁၂ ဦးမှာ စိတ်ပိုင်းဆိုင်ရာ သို့မဟုတ် ကိုယ်လက်အင်္ဂါ မသန်စွမ်းသူများ ဖြစ်ကြသည်။ ထို့အပြင် ဖြစ်စဉ် ၇ ခုတွင် လူသတ်မှုဖြစ်ပွားခဲ့ပြီး၊ အခြားဖြစ်စဉ် ၇ ခုတွင်မူ မိမိကိုယ်ကို အဆုံးစီရင်ခြင်း သို့မဟုတ် မိမိကိုယ်ကို အဆုံးစီရင်ရန် ကြိုးပမ်းခြင်းတို့ ပါဝင်ခဲ့သည်။

ရှမ်းအမျိုးသမီးရေးရာ ဆက်သွယ်လှုပ်ရှားဆောင်ရွက်ရေးအသင်း သတင်းထုတ်ပြန်ကြေငြာချက်၊ ၂၀၂၆ ခုနှစ် ဇူလိုင်လ ၃၀ ရက်နေ့

**“ရှမ်းပြည်နယ်မှာ အမျိုးသမီးနှင့် မိန်းကလေးငယ်တွေအပေါ် ကျူးလွန်တဲ့ အကြမ်းဖက်မှုတွေဟာ ပြင်းထန်ပြီး ကျယ်ကျယ်ပြန့်ပြန့် ဖြစ်ပွားနေဆဲဖြစ်တဲ့ လူ့အခွင့်အရေးဆိုင်ရာ အကျပ်အတည်းတစ်ခု အဖြစ် ဆက်လက် တည်ရှိနေတာကို တွေ့ရှိချက်တွေက ပြနေပါတယ်။ ရှင်သန်လွတ်မြောက်လာသူတွေဟာ အကြမ်းဖက်မှုကြောင့် ဖြစ်လာတဲ့ စိတ်ပိုင်းဆိုင်ရာ ထိခိုက်ဒဏ်ရာတွေကို ခံစားရုံတင်သာမက တရားမျှတမှု၊ လုံခြုံမှုနဲ့ အထောက်အပံ့တွေ ရရှိရေးတို့မှာလည်း ကြီးမားတဲ့ အတားအဆီးတွေကိုလည်း ရင်ဆိုင်ကြုံတွေ့နေ ကြရတယ်။”**

စွမ်း ၏ စွမ်းရည်မြှင့်တင်ရေး လုပ်ငန်းစဉ် တာဝန်ခံ ဖြစ်သူ
Hseng (ဆိုင်) က ပြောကြား

တရားမျှတမှုရရှိရေးတွင် စနစ်ပိုင်းဆိုင်ရာ အတားအဆီးများရှိနေကြောင်း အစီရင်ခံစာက ဖော်ပြထားပြီး၊ မှတ်တမ်းတင်ထားသော ဖြစ်စဉ်ပေါင်း ၁၇၂ ခု အနက် တစ်ဝက်ခန့်သာ မှတ်တမ်းတင် ဖြေရှင်းဆောင်ရွက်ချက် သို့မဟုတ် အရေးယူမှုအဖြစ် တွေ့ရသည်။ ထိခိုက်ခံစားရသူ ၇၀ ရာခိုင်နှုန်းကျော်က ၎င်းတို့၏ ဖြစ်စဉ်များကို  အစပိုင်းတွင် ကျေးရွာခေါင်းဆောင်များထံ တိုင်ကြားခဲ့ကြသော်လည်း၊ ထိုခေါင်းဆောင်များက အိမ်တွင်း အကြမ်းဖက်မှုကို “မိသားစုတွင်း ပုဂ္ဂလိကကိစ္စ” အဖြစ် သဘောထားကာ လျစ်လျူရှုလေ့ရှိကြသည် (သို့မဟုတ်) တရားမျှတမှုနှင့် ရှင်သန်လွတ်မြောက်လာသူများအား ကာကွယ်စောင့်ရှောက်မှုပေးမည့်အစား အတင်းအဓမ္မ လက်ထပ်ထိမ်းမြားစေခြင်း သို့မဟုတ် ငွေကြေးလျော်ကြေးပေးစေခြင်းတို့ကိုသာ ပြုလုပ်လေ့ရှိကြပါသည်။ မြန်မာစစ်တပ် သို့မဟုတ် တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်းများ၏ စစ်သားများ ကျူးလွန်သည့် လိင်နှင့် ဂျဲန်ဒါ အခြေပြု အကြမ်းဖက်မှု (SGBV)များမှ ရှင်သန်လွတ်မြောက်လာခဲ့ရသူများသည် ခြိမ်းခြောက်ခံရခြင်း၊ ဖြစ်စဉ်များကို ဖုံးကွယ်ဖျောက်ဖျက်ခံရခြင်းတို့အပြင် ကျူးလွန်သူများ အပြစ်ပေး အရေးယူ မခံရဘဲ လွတ်မြောက်နေခြင်းတို့နှင့် ပိုမိုမြင့်မားသော အန္တရာယ်များကို ရင်ဆိုင်ခဲ့ကြရပါသည်။

စွမ်း အနေဖြင့် တိုင်းရင်းသား လက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်းများ (EROs)၊ ကျေးရွာဒေသန္တရ အုပ်ချုပ်ရေး များနှင့် တရားမျှတမှုဆိုင်ရာ လုပ်ငန်းစဉ်များတွင် ပါဝင်ဆောင်ရွက်နေသူအားလုံးကို လိင်နှင့် ဂျဲန်ဒါ အခြေပြု အကြမ်းဖက်မှုများမှ ရှင်သန်လွတ်မြောက်လာသူများအား ဗဟိုပြုသည့် တုံ့ပြန်ဆောင်ရွက်မှုများ ပိုမို အားကောင်းလာစေရေးအတွက် ဆောင်ရွက်ရန် တိုက်တွန်းအပ်ပါသည်။ ဤသို့ ဆောင်ရွက်ရာတွင် ကျူးလွန်သူများအား တာဝန်ခံမှုရှိစေရေး၊ ရှင်သန် လွတ်မြောက်လာသူများအနေဖြင့် တရားမျှတမှုနှင့် ဘက်စုံထောက်ပံ့ကူညီမှု ဝန်ဆောင်မှုများကို ရရှိနိုင်စေရေးတို့အတွက် အာမခံချက်ပေးခြင်း တို့အပြင် အကြမ်းဖက်မှုများကို တည်မြဲစေသည့် ဘေးဥပါဒ်ဖြစ်စေသော ဂျဲန်ဒါ ဓလေ့ထုံးစံ များကို ကိုင်တွယ် ဖြေရှင်းခြင်းတို့ ပါဝင်ရမည်ဖြစ်သည်။

စွမ်း အနေဖြင့် နိုင်ငံတကာအသိုင်းအဝိုင်းအား မြန်မာစစ်တပ်အပေါ် ပစ်မှတ်ထား သော ပိတ်ဆို့အရေးယူမှုများကို တိုးမြှင့်လုပ်ဆောင်ရန်နှင့် လက်နက်ရောင်းချမှု ပိတ်ပင်တားဆီးရေးဆိုင်ရာ ဘက်စုံကမ္ဘာလုံးဆိုင်ရာ အစီအမံများကို တင်းကျပ်စွာ အကောင်အထည်ဖော်ရန် တိုက်တွန်းပါသည်။ ထို့ပြင် ကုလသမဂ္ဂ၏ မြန်မာနိုင်ငံဆိုင်ရာ လွတ်လပ်သော စုံစမ်းစစ်ဆေးရေး ယန္တရား (IIMM) နှင့် နိုင်ငံတကာ ရာဇဝတ်ခုံရုံး (ICC) မှတစ်ဆင့် တာဝန်ခံမှုရှိစေရေး ကြိုးပမ်း အားထုတ်မှုများ အပါအဝင် နိုင်ငံတကာအဆင့် တာဝန်ခံမှုရှိစေရေး ယန္တရားများ ကို ထောက်ခံအားပေးရန်နှင့် ဒေသခံ အမျိုးသမီးဦးဆောင်သော အဖွဲ့အစည်းများ ကို စဉ်ဆက်မပြတ် ထောက်ပံ့ကူညီခြင်းအားဖြင့် "အမျိုးသမီး၊ ငြိမ်းချမ်းရေးနှင့် လုံခြုံရေး" (WPS) ဆိုင်ရာ လုပ်ငန်းစဉ်ကို မြှင့်တင်ဆောင်ရွက်သွားရန်လည်း တိုက်တွန်းအပ်ပါသည်။

**"အမျိုးသမီးတွေအပေါ် ကျူးလွန်တဲ့ အကြမ်းဖက်မှုတွေကို အဆုံးသတ်ပြီး ရှင်သန်လွတ်မြောက်လာသူတွေ အတွက် အဓိပ္ပာယ် ပြည့်ဝတဲ့ တရားမျှတမှု ရရှိဖို့ အသေအချာ မဖြစ်သရွေ့ မြန်မာပြည် မှာ ရေရှည်တည်တံ့တဲ့ ငြိမ်းချမ်းရေးရနိုင်မှာ မဟုတ်ပါဘူး"**
**စွမ်း တာဝန်ခံ နန်းခမ်းအွန်က ပြောကြား**

## ဆက်သွယ်ရန်

**နန်းခမ်းအွန် (မြန်မာ နှင့် ရှမ်း)**
စွမ်း တာဝန်ခံ
Signal +66 81 992 8683

**နန်းမွန်းကိန် (အင်္ဂလိပ် နှင့် ထိုင်း)**
စွမ်း နည်းပညာအကြံပေး
Signal +66 98 601 4677

KENNERI@SHANWOMEN.ORG
WWW.SHANWOMEN.ORG / @shanwomen

